Käännös: Keski-Suomen tulkkikeskus

Myanmar (Burma)

## Työttömälle perustukea

**အလုပ်လက်မဲ့များအတွက်အခြေခံထောက်ပံ့ငွေ။**

အကောက်ခွန်အပါအဝင်၊အခြေခံအလုပ်လက်မဲ့တနေ့စာရသည့်ငွေ (peruspäiväraha)၊ကဲလာမှပေးသည့် သင်တန်းတက်သည့်အတွက်ရသည့်ထောက်ပံ့ငွေ (Kelan koulutustuki)နှင့်၊အလုပ်သမားရုံးမှစီစဉ်သည့်သင်တန်းတက်သည့်အတွက်ရရှိသည့်ထောက်ပံ့ငွေ အပြည့် (täysi työmarkkinatuki) မှာတရက်လျှင် ၃၂,၈၁ ယူရိုဖြစ်ပြီး၊ ကလေးတယောက်ရှိပါက၄င်းတနေ့ရငွေပေါ်တွင်ထပ်ဆောင်းငွေ၊ ၄,၅၃ ယူရိုရရှိပြီး၊ ကလေး ၂ ယောက်ရှိပါက ၆, ၆၅ယူရိုနှင့်၊ ကလေး ၃ ယောက်နှင့်အထက်ဆိုပါက၊ ၈,၅၈ ယူရိုရရှိသည်။

၁၇ နှစ်မှ ၆၄ နှစ်အတွင်း၊ အလုပ်လျှောက်ထားသည့်အလုပ်လက်မဲ့အနေနှင့်၊အောက်တွင်ဖေါ်ပြထားသည့်ကဲလာမှပေးသည့်ထောက်ပံ့ငွေများထဲမှတခုခုကိုခံစားခွင့်ရှိသည်။

–အကယ်၍လျှောက်ထားသူအနေနှင့်အလုပ်လုပ်နေခဲ့သူတဦးဖြစ်ခဲ့ပြီး၊၄င်းအနေနှင့်မည်သည့်အသင်းမျှဝင်ထားခြင်းမရှိပါက၊အလုပ်လက်မဲ့အနေနှင့်ခံစားခွင့်ရှိသည့်အခြေခံထောက်ပံ့ငွေကိုခံစားခွင့်ရှိသည်။ထိုငွေကိုအများဆုံးရက် ပေါင်း ၅၀၀ အထိပေးသည်။အလုပ်လုပ်နေခဲ့သူတဦးဖြစ်ခဲ့ပြီး၊ ၄င်းအနေနှင့်ပထမဆုံးအကြိမ်အလုပ်လက်မဲ့အနေနှင့်ခံစားခွင့်ရှိသည့်အခြေခံထောက်ပံ့ငွေလျှောက်သည်ဆိုပါက၊ အလုပ်လက်မဲ့မဖြစ်မှီ၂၈လအတွင်း(၂နှစ်နှင့်၈လ)အနည်းဆုံး၁၀လအလုပ်လုပ်ခဲ့သူဖြစ်ရမည်။ ယခင်က၊ အလုပ်လက်မဲ့အနေနှင့်ခံစားခွင့်ရှိသည့်အခြေခံ ထောက်ပံ့ငွေကိုခံစားခဲ့ဘူးသူဆိုပါက၊ လွန်ခဲ့သည့်၂၄လအတွင်းက၊၈လသာအလုပ်၊ လုပ်ခဲ့လျှင် အလုပ်လက်မဲ့ ထောက်ပံ့ငွေကိုခံစားခွင့်ရှိသည်။

ကိုယ်ပိုင်လုပ်ငန်းရှင်ဖြစ်ပြီးအလုပ်လုပ်နေသူဆိုပါက၊လုပ်သက်ပိုများရန်လိုအပ်ပြီးလုပ်ငန်းရပ်ဆိုင်းပြစ်ရန် လည်း တောင်းဆိုသည်။

–လုပ်သမားရုံးမှစီစဉ်သည့်သင်တန်းတက်နေသည့်အလုပ်လက်မဲ့အတွက်ထောက်ပံ့ငွေ (työmarkkinatuki) ၊ အလုပ်လက်မဲ့ထောက်ပံ့ငွေကိုရက်ပေါင်း ၅၀၀ အထိအလုပ်လက်မဲ့အနေနှင့်အများဆုံးခံစားခွင့်ရှိ သည့် အခြေခံထောက်ပံ့ငွေကိုခံစားခဲ့ပြီးသူ၊အလုပ်လျှောက်ထားသည့် အလုပ်လက်မဲ့အား(työmarkkinatuki) အလုပ် လက်မဲ့ထောက်ပံ့ငွေကိုလည်းပေးနိုင်သည်။ အသက်မွေးဝမ်းကြောင်း ပညာမရှိသော (သို့မဟုတ်) သင်တန်းတက်ရန်ငြင်းဆန်သော(သို့မဟုတ်)သင်တန်းကိုမလျှောက်ပဲနေသော၊အသက်၂၅နှစ်အောက်လူငယ်များအနေနှင့် (työmarkkinatuki) ထောက်ပံ့ ကြေး ကိုမရနိုင်။

(Työmarkkinatuki) ထောက်ပံ့ကြေး ကိုပေးရန်အတွက်စဉ်းစားသောအခါ၊ အလုပ်လက်မဲ့နှင့်တကွ၊၄င်း၏ ဇနီး/ခင်ပွန်း၏ဝင်ငွေများနှင့်၊ လူမှုဖူလုံရေးခံစားခွင့်ငွေများအားလုံးသည်ထောက်ပံ့ကြေးငွေအနည်းအများကိုဆုံးဖြတ်ပေးသည်။ဇနီး/ခင်ပွန်း၏ဝင်ငွေထဲမှမည်သို့ပင်ဆိုစေ၊ထွက်ငွေအဖြစ်ထည့်သွင်းစဉ်းစားရမည့်အရာ များကိုနုတ်ပြီးသည့်အပြင်တလလျှင် ၅၃၆ € ကိုထပ်မံ၍လျှော့တွက်သည်။

အလုပ်လက်မဲ့အနေနှင့် (peruspäiväraha)(သို့မဟုတ်)အလုပ်နှင့်ပတ်သက်သည့်ရက်ပေါင်း၅၀၀အများဆုံးခံစားခွင့်ရှိသည့် အခြေခံထောက်ပံ့ငွေ (ansioon suhteutettua päiväraha) ကိုခံစားခဲ့ပြီးနောက်၊ (työmarkkinatuki) ကိုစတင်ရရှိသည်။ဇနီး/ခင်ပွန်း ၏ဝင် ငွေမည်မျှပင်ဖြစ်စေ၊ အလုပ်လက်မဲ့ဖြစ်သည့်ပထမဦးဆုံးရက်မှစတင်၍ထောက်ပံ့ငွေကိုရက်ပေါင်း၁၈၀အထိပေးသည်။အကယ်၍အသက် ၅၅ နှစ်ပြည့်ပြီးသူများသည်အလုပ်လက်မဲ့မဖြစ်မှီကတချိန်လုံးအလုပ်လုပ်ခဲ့သည်ဆိုပါက၊ဇနီး/ခင်ပွန်း၏ဝင်ငွေကိုထည့်မတွက်ပေ။လုပ်ငန်းခွင်တွင်လေ့ကျင့်နေသူများ၊အလုပ်သမားရုံး၏ပေါ်လစီအရစီစဉ်သည့်သင်တန်းများသို့တက်ရောက်လျက်ရှိသူများ၊သို့မဟုတ်ကျန်းမာရေးပြန်လည်ကောင်းမွန်ရန်အတွက်ပြုလုပ်နေသူများကိုပေးသည့် (työmarkkinatuki)အလုပ်လက်မဲ့ထောက်ပံ့ငွေသည်ဇနီး/ခင်ပွန်း ၏ဝင်ငွေနှင့်မည်သို့မျှ မပတ်သက် ပေ။

အကယ်၍၊အလုပ်လျှောက်ထားသူအလုပ်လက်မဲ့အနေနှင့်၊အချိန်ပိုင်းအလုပ်(သို့မဟုတ်)ရရာအလုပ်မျိုးကိုလုပ်နေသူဖြစ်ပါက၊၄င်းအနေနှင့်အလုပ်လက်မဲ့ထောက်ပံ့ငွေကိုလိုအပ်သည်ဆိုပါက၊ရရှိနိုင်သည်။)ရရာအလုပ်ကိုအချိန်ပြည့်၂ပါတ်ထက်နည်းပြီးလုပ်ကိုင်ပါက၊ အလုပ်လက်မဲ့ ထောက်ပံ့ငွေကိုလျှော့၍ရသည်။ အကယ်၍၊၂ ပါတ်ထက်ကျော်ပါက၊ အလုပ်လုပ်သည့်ရက်များအတွက်အလုပ်လက်မဲ့ ထောက်ပံ့ငွေကို မပေးသော်လည်း၊ အလုပ်မရှိသည့်ရက်များအတွက်အလုပ်လက်မဲ့ထောက်ပံ့ငွေကိုအပြည့်ပေးသည်။

လိုအပ်သည်ဆိုပါက၊ အလုပ်လက်မဲ့ထောက်ပံ့ငွေကိုကြိုတင်၍လည်းပေးနိုင်သည်။

– သင်တန်းတက်သည့်အတွက်ရရှိသည့်ထောက်ပံ့ငွေ (koulutustuki) ။ အကယ်၍အလုပ်လက်မဲ့တဦးသည်၊ အလုပ်လက်မဲ့မဖြစ်မှီ ၂ နှစ်အတွင်း၊ အနည်းဆုံး၁၀ လတွင်သင်တန်းတက်နေသူဖြစ်ပြီး၊အလုပ်သမားရုံးမှ စီ စဉ်သည့်သင်တန်းကိုတက်ခိုင်းသည်ဆိုပါက ဤထောက်ပံ့ငွေကိုရရှိသည်။(Koulutustuki) ကိုအခြေခံအလုပ်လက်မဲ့ထောက်ပံ့ငွေနှင့်ဝင်ငွေထောက်ပံ့ငွေအဖြစ်ပေးသည်။အခြေခံအလုပ်လက်မဲ့ ထောက်ပံ့ငွေကိုကဲလာမှပေးပြီး၊အလုပ်လုပ်စဉ်ကဝင်ခဲ့သည့်အသင်းမှ၊ဝင်ငွေထောက်ပံ့ငွေကိုပေးသည်။ထို့မျှမက၊သင်တန်းတက်သူများအနေနှင့် (yläpito-korvaus) ခေါ်လမ်းစရိတ်နှင့်စား စရိတ်အတွက်အပိုငွေကိုရသည်။

– Yläpitokorvaus ကို koulutustuki ထောက်ပံ့ငွေကိုခံစားခွင့်ရှိသူများသာမက၊ အလုပ်သမားရုံး၏ပေါ်လစီအရစီစဉ်သည့်သင်တန်းများကိုတက်ရောက်သင်ကြားလျက်ရှိကြသူများ(သို့မဟုတ်) (työmarkkinatuki) ကိုခံစားခွင့်ရရှိသူလုပ်ငန်းခွင်သို့ဝင်ရောက်ရန်အတွက် အဆင်သင့်ပြင်ဆင်သည့် သင်တန်းကိုတက်ရောက်နေသူအလုပ်လက်မဲ့များကိုကဲလာမှပေးသည်။ လုပ်ငန်းခွင်တွင်လေ့ကျင့်နေသူများအနေနှင့်မှ၊ လုပ်ငန်းခွင်လေ့ကျင့်ရန်မဆင်းမှီအလုပ်လက်မဲ့ထောက်ပံ့ငွေကိုရက်ပေါင်း ၅၀၀ ခံစားခွင့်ရရှိပြီးသူများ (သို့မဟုတ်) (työmarkkinatuki) ကိုခံစားခွင့်ရသူများသာ (yläpitokorvaus) ကိုပေးသည်။ (Yläpitokorvaus) သည်တနေ့ကို ၈ယူရိုဖြစ်သည်။ အကယ်၍၊သင်တန်း (သို့မဟုတ်) အလုပ်ဆင်းရမည့်နေရာသည်မိမိတို့နေထိုင်သည့်မြို့နယ်၏အပြင်ဖက်တွင် ဖြစ်နေပါက၊ ၈ယူရိုထပ်ဖြည့်ပြီးတနေ့လျှင် ၁၆ယူရို ရ သည်။ ၄င်းကိုတပတ်လျှင်အများဆုံး ၅ ရက်အတွက်ပေးသည်။

(Työttömyysturva)ကိုအလုပ်သမားရုံးတွင်အလုပ်လက်မဲ့အဖြစ်၊အလုပ်လျှောက်သူအနေနှင့်သွားရောက်ကြော်ငြာသည့်အခါတချိန်တည်းမှာ ပင်လျှောက်ထားနိုင်သည်။ သို့သော်၊မည်ကဲ့သို့သောအထူးအကြောင်းပြချက်မျိုးမှမလိုအပ်ပဲ၃လအတွင်း၊ အလုပ်သမားရုံးတွင်တင်ထား သည့်လျှောက်လွှာ၊ကဲလာရုံးသို့မရောက်လာမီလျှောက်ထားနိုင်သည်။

အလုပ်လက်မဲ့လျှောက်လွှာများကိုကဲလာ၏အင်တာနက်ထဲတွင်ဖြည့်သွင်းခြင်း၊ပုံနှိပ်ထုတ်ပြီး၄င်းကိုလက်မှတ်ရေးထိုးခါကဲလာရုံးသို့ပေးပို့နိုင်သည် ကိစ္စအရပ်ရပ်ကိုဆောင်ရွက်ပေးသည့်ဌါနတွင်၊peruspäiväraha ၊ työmarkkinatuki ၊ အလုပ်မှနေ၍လခမဲ့ခွင့်ယူခြင်းကြောင့်ရရှိသည့် (vuorottelu-korvaus)၊ koulutuspäiväraha နှင့်koulutustuki စသည်တို့နှင့်ပတ်သက်၍လျှောက်ပုံလျှောက်နည်း၊ပြသနာရှိပါက အဖြေရှာခြင်းနှင့်ငွေပေးပုံပေးနည်းများအကြောင်းစသည်တို့ကိုစစ်ဆေးကြည့်နိုင်သည်။ ၄င်းနေရာမှအလုပ်လက်မဲ့ဖြစ်နေသည့်အချိန်တွင်၊ အလုပ်လက်မဲ့ဖြစ်ကြောင်း ့ကြော်ငြာကဲ့သို့သော TT2 လျှောက်လွှာပုံစံပေးပို့ခြင်း။

**အလုပ်ဖြုတခြင််ံခံရ၍ဖြစ်လာသည့်ပြောင်းလဲမှုအတွက်ရရှိသည့်ထောက်ပံ့ငွေ။**

ထုတ်လုပ်မှုကျဆင်းခြင်းကြောင့်ဖြစ်စေ၊စီးပွါးရေးကျဆင်းမှုကြောင့်ဖြစ်စေ၊အလုပ်မှထုတ်ပြစ်ခြင်းကိုခံရသောသူအား၊työttömyysturvan peruspäiväraha၊koulutuspäiväraha(သို့မဟုတ်)koulutustuki(သို့မဟုတ်)အလုပ်ရရှိရန်ဖန်တီးသည့်အစီအစဉ်(työllistymis-ohjelmalisä peruspäiväraha) (သို့မဟုတ်) koulutustuki စသည့်ထောက်ပံ့ငွေပေါ်ထပ်တိုး၍ပေးနိုင်သည်။ ထပ်တိုး၍ပေးသည့်ငွေ(korotus) နှင့် työllistymisohjelmalisä တို့ကို၊ မည်သို့ပင်ဆိုစေ၊တချိန်တည်းပေး၍မရပေ။ työllistymisohjelmalisä ကိုပထမအဓိကထားရမည်။အပြည့်အဝတိုးပေးသည့်အပိုင်း(täysikorotusosa) (သို့မဟုတ်) työllistymisohjelmalisä မှာ၊တရက်လျှင် ၄.၁၁ ယူရိုဖြစ်သည်။

Korotusosa ကိုရရှိရန် အတွက်ကိုက်ညီရမည့်အချက်များမှာ၊

–အလုပ်သဘောတူညီချက်စည်းကမ်းတွင်ပါဝင်သည့်၊စီးပွါးရေး(သို့မဟုတ်)ထုတ်လုပ်မှုကျဆင်းခြင်းကြောင့်မိမိ၏အလုပ်မှထုတ်ပြစ်ခြင်းခံရသူနှင့်၊

– အလုပ်မပြုတ်မီအနည်းဆုံးအနှစ် ၂၀ အလုပ်လုပ်ခဲ့သူနှင့်၊

– လခစားအဖြစ်အလုပ်လုပ်ခဲ့သူ၏အချက်များနှင့်ကိုက်ညီသူဖြစ်ရမည်။

Työllistymisohjelmalisä ရရှိရန်အတွက်ကိုက်ညီရမည့်အချက်များမှာ၊

– စီးပွါးရေး(သို့မဟုတ်)ထုတ်လုပ်မှုကျဆင်းခြင်းကြောင့်မိမိ၏အလုပ်နေရာကိုဆုံးရှုံးရသူသည်၊အလုပ်မပြုတ်မီအနည်းဆုံးသုံးနှစ်အလိုက၊ ပင်စင်အာမခံငွေကိုအလုပ်လုပ်နေစဉ်လျှောက်ထားသူ၊ (သို့မဟုတ်)

– အလုပ်ပြုတ်သည့်အချိန်တွင်၊အချိန်အကန့်အသပ်ရှိသောအလုပ်နေရာမျိုးတွင်၃နှစ်ဆက်တိုက်လုပ်နေခဲ့သော်၊ (သို့မဟုတ်)အချိန်အကန့်အသပ်ရှိသော အလုပ်နေရာမျိုးတွင်အလုပ်ရှင်တဦးတည်းထံတွင်၊ ၄၂ လအတွင်း၌အနည်းဆုံး စုစုပေါင်း ၃၆ လလုပ်ခဲ့ပြီး၊

– လခစားအဖြစ်အလုပ်လုပ်ခဲ့သူ၏အချက်များနှင့်ကိုက်ညီသူဖြစ်ရမည်။

အလုပ်ပြုတ်ပြီးပြီးချင်း၊အလုပ်သမားရုံးမှလက်ခံသည့် työllistymisohjelmalisä နှင့်ကိုက်ညီသည့်သင်တန်းများဖြစ်သော၊

- အလုပ်သမားရုံး၏ပေါ်လစီအရစီစဉ်သောအသက်အရွယ်ရောက်ပြီးသူများအတွက်ပညာပေးသောသင်တန်း(aikuiskoulutus)၊
- အလုပ်လျှောက်တတ်ရန်အတွက်အဆင်သင့်ပြင်ဆင်သည့်သင်တန်း (työnhakuvalmennus)
- မိမိ၏အလုပ်အတွေ့အကြုံနှင့်ကိုက်ညီအောင်ပြင်ဆင်ပေး သည့်သင်တန်း
– မိမိ၏ကိုယ်ပိုင်တွန်းအားဖြင့်အလုပ်ရှာခြင်း၊လျှောက်ခြင်း၊

ကိုယ်ပိုင်လုပ်ငန်းရှင်များကို၊ korotusosa (သို့မဟုတ်) työllistymisohjelmalisä မပေးပေ။၄င်းတို့ကို työmarkkinattuki တွင်ထပ်မံတိုး၍လည်းမပေးပေ။

၂၀၀၈ ခုနှစ်၏ korotusosa မှာ၊ ၄.၂၀ ယူရိုဖြစ်သည်။

သတင်းစတင်သည့်နေရာ၊ ကဲလာစာစောင်အမှတ်၊ ၄/၂၀၀၇။ စာတည်းအဖွဲ့၏ခွင့်ပြုချက်အရထုတ်ဝေသည်။